MCIA | MYANMAR COMPUTER INDUSTRY ASSOCIATION

1101
1001
0001
1000
1001

# ANNUAL GENERAL MEETING (2025)

## REPORT

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဥက္ကဋ္ဌ၏ အမှာစာ | ၂ |
| ၂။ | အသင်း၏ နောက်ခံသမိုင်း | ၃ |
| ၃။ | အသင်း၏ ရည်ရွယ်ချက်များ | ၄ |
| ၄။ | နာယကအဖွဲ့၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ အမည်စာရင်းများ | ၅ |
| ၅။ | လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း | ၈ |
| ၆။ | ပြည်တွင်း/ ပြည်ပ အစည်းအဝေးများ၊ ဆွေးနွေးပွဲများနှင့် အသင်းလှုပ်ရှားမှုများ | ၁၃ |
| ၇။ | ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးများ | ၁၃ |
| ၈။ | အလုပ်အမှုဆောင် အစည်းအဝေးများ | ၁၄ |
| ၉။ | ၃ လပတ် အစည်းအဝေးများ | ၁၄ |
| ၁၀။ | နိုင်ငံခြားအဖွဲ့အစည်းများနှင့်တွေ့ဆုံခြင်း၊ အစည်းအဝေးများ တက်ရောက်ခြင်း | ၁၅ |
| ၁၂။ | ပြည်တွင်းအဖွဲ့အစည်းများနှင့် ကျင်းပပြုလုပ်သော အခမ်းအနားများနှင့် အစည်းအဝေးများ | ၁၈ |
| ၁၃။ | ဘဏ္ဍာရေးရှင်းတမ်း | ၅၁ |
| ၁၄။ | နိဂုံး | ၅၆ |




# ဥက္ကဋ္ဌ၏ အမှာစာ

နိုင်ငံတစ်နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရာတွင် ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးသည် အဓိကကျသောနေရာတွင် ခိုင်မာစွာ ရပ်တည်လျှက်ရှိပါသည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံတွင် နိုင်ငံတော် ICT ကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာ လုပ်ငန်းရှင်အသင်း အနေဖြင့် တစ်ဖက်တစ်လမ်းမှ အစွမ်းကုန် ပါဝင်လှုပ်ရှားစေကာ နိုင်ငံတော်၏ အားကိုးအားထားဖြစ်သော ICT အသင်းကြီးတစ်ခုအဖြစ် မားမားမတ်မတ် ရပ်တည်သွားနိုင်အောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ယခုကဲ့သို့ ကြိုးစားဆောင်ရွက်ရာတွင် မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်၏ ဦးဆောင်မှုဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ အလုပ်အမှုဆောင်များအားလုံးနှင့် ပူးပေါင်းကာ ဟန်ချက်ညီညီ ဆွေးနွေး တိုင်ပင်ပြီး နိုင်ငံတော်၏ ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ICT လုပ်ငန်းရှင်များ ပိုမိုပေါ်ထွန်းလာရေးကို ကျွန်တော်တို့၏ သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် ခံယူလျက် ဦးစားပေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံကွန်ပျူတာ လုပ်ငန်းရှင်အသင်းအနေဖြင့် နိုင်ငံတော်၏ ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ICT လုပ်ငန်းများ စဉ်ဆက်မပြတ် တိုးပွားလာရေး အတွက် နိုင်ငံတကာ ICT အဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း၊ နည်းပညာများရယူခြင်းဖြင့် ICT ကဏ္ဍကို အသုံးချပြီး လူမှုဘဝအခွင့်အလမ်းများ ဖန်တီးပေးနိုင်သော နိုင်ငံတကာအဆင့်မီ အသင်းကြီးအဖြစ် ရပ်တည်စေခြင်း၊ အသင်းဝင်များ ပိုမိုတိုးပွားလာစေခြင်းတို့ကို ဆောင်ရွက်လျက် အသင်းဝင်များအတွက် မားမားမတ်မတ် ရပ်တည်ပြီး နိုင်ငံတော်နှင့် နိုင်ငံတကာမှ ယုံကြည်စိတ်ချ အားကိုးရသော အသင်းအဖွဲ့ဖြစ်ရန် ဆက်လက်ကြိုးပမ်းလျက် အသင်းကြီး အစွန့်ရှည် တည်တံ့ခိုင်မြဲပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မျိုးမင်းဦး
ဥက္ကဋ္ဌ
မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း

# မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ နောက်ခံသမိုင်း




လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတွင် ကွန်ပျူတာအသုံးပြုမှုများမရှိမဖြစ် လိုအပ်လာသည့်အတွက် နိုင်ငံတော်၏ ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေကို ၁၉၉၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီကိုလည်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၂၈/၉၆) ဖြင့် ၁၉၉၆ ခုနှစ်၊ စက်တင်ဘာလ (၂၁) ရက်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ထို့အပြင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဥပဒေအမှတ်-၃/၉၈ ဖြင့် ကွန်ပျူတာပညာဖွံ့ဖြိုးရေး ဥပဒေအား ပြင်ဆင်သည့်ဥပဒေကို ၁၉၉၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ထိုဥပဒေနှင့် အညီ မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီကိုလည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၂၄/၉၈ ဖြင့် ၁၉၉၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်တွင် ပြန်လည်ဖွဲ့စည်းပေးခဲ့သည်။ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများဖြစ်မြောက်ရေးကော်မတီကိုလည်း ဖွဲ့စည်းခဲ့သည်။

ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေ ပုဒ်မ ၁၂ အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ ကွန်ပျူတာ လုပ်ငန်းရှင်များ၊ ကွန်ပျူတာလုပ်ငန်းနှင့် ဆက်စပ်သည့် လုပ်ငန်းလုပ်နေသူများကို စုစည်း၍ လုပ်ငန်းရှင်ကျင့်ဝတ်ကို လေးစားလိုက်နာသော အသိုက်အဝန်း ထွန်းကားလာရေးအတွက် အမြတ်အစွန်းကို မရည်ရွယ်သည့် အစိုးရမဟုတ်သော

အဖွဲ့အစည်းအဖြစ် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း (Myanmar Computer Industry Association) ကို ၁၃၅၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၇) ရက်၊ ၁၉၉၈ ခုနှစ်၊ မေလ (၁၇) ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။

ပထမဦးစွာ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း (MCIA) ရုံးခန်းကို လှိုင်မြို့နယ်အတွင်းရှိ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ဝင်းအတွင်း၌ စတင် ဖွင့်လှစ်ခဲ့သည်။ ယင်းနောက် နတ်မောက်လမ်းရှိ စက်မှုအထက်တန်းကျောင်းဝင်းအတွင်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး၊ ၂၀၀၂ ခုနှစ်တွင် MICT Park သို့ ထပ်မံပြောင်းရွှေ့ခဲ့ပါသည်။

မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း စတင်ဖွဲ့စည်းခဲ့သည့်အချိန်မှစ၍ အသင်းသားကုမ္ပဏီ/ လုပ်ငန်း၊ အဖွဲ့အစည်းများကို စိစစ်လက်ခံရာ ယနေ့အချိန်အထိ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင် အသင်းဝင်ပေါင်း (၆၅၉) ရှိပြီး၊ နည်းပညာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

## အသင်း၏ ရည်ရွယ်ချက်များ

(က) မြန်မာနိုင်ငံ တစ်ဝှမ်းလုံးရှိ ကွန်ပျူတာလုပ်ငန်းရှင်များကို စုစည်းနိုင်ရန်နှင့် စည်းရုံးဆောင်ရွက်ပြီး နေပြည်တော်ပြည်ထောင်စုနယ်မြေ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးတို့တွင် သက်ဆိုင်ရာ ကွန်ပျူတာလုပ်ငန်းရှင်အသင်းများ ဖွဲ့စည်း၍ ဒေသဆိုင်ရာ ကွန်ပျူတာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်နိုင်ရန်၊

(ခ) လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ပြီး ခေတ်မီသော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် ကွန်ပျူတာနည်းပညာဖြင့် လုပ်ဆောင်ရန်၊

(ဂ) ကွန်ပျူတာလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် နည်းပညာ ပြန့်ပွားရေးအတွက် လိုအပ်သော အစီအစဉ်များကို ချမှတ်ဆောင်ရွက်ရန်၊

(ဃ) လူငယ်လူရွယ်များ၊ ကျောင်းသူ၊ ကျောင်းသားများအား ကွန်ပျူတာနည်းပညာနှင့် သက်ဆိုင်သော လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရန်အတွက် စီမံဆောင်ရွက်ရန်၊

(င) နိုင်ငံတကာတွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကွန်ပျူတာနည်းပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာ၍ နိုင်ငံတော်နှင့် ကွန်ပျူတာလုပ်ငန်းများအကျိုးအတွက် စီမံဆောင်ရွက်ရန်၊

(စ) အစိုးရအဖွဲ့အစည်းများနှင့် လုပ်ငန်းနယ်ပယ် အသီးသီးတွင် ကွန်ပျူတာနည်းပညာအသုံးချမှု ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်လာစေရန်။

# မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ နာယကအဖွဲ့၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၏ အမည်စာရင်း

## မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း နာယကအဖွဲ့

| စဉ် | အမည် | ကုမ္ပဏီအမည် |
|---|---|---|
| ၁ | ဦးတင်ဝင်းအောင် | Myanmar Computer Co., Ltd. (MCC) |
| ၂ | ဦးအောင်ဇော်မြင့် | Bagan Business Group Co., Ltd. |
| ၃ | ဒေါ်ဝါဝါထွန်း | Wisdom Power Co., Ltd. |
| ၄ | ဦးမင်းဇေယျာလှိုင် | Myanmar Millennium Group Co., Ltd. |
| ၅ | ဦးထင်အောင်ခိုင် | Lucky Bird Co., Ltd. |
| ၆ | ဦးအောင်ကျော်မိုး | Client Focus Technology Group Co., Ltd. |

# မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ

| စဉ် | အမည် | ကုမ္ပဏီ | ရာထူးတာဝန် |
|---|---|---|---|
| ၁ | ဦးမျိုးမင်းဦး | Discovery Digital Mart Co., Ltd. | ဥက္ကဋ္ဌ |
| ၂ | ဦးဇော်ထွဋ် | Myanmar's Net Co., Ltd. | ဒုတိယဥက္ကဋ္ဌ |
| ၃ | ဒေါက်တာဇော်လင်း | YOUTH International College | ဒုတိယဥက္ကဋ္ဌ |
| ၄ | ဒေါက်တာမျိုးနိုင် | Thein Minn Co., Ltd. | ဒုတိယဥက္ကဋ္ဌ |
| ၅ | ဦးဇော်မင်းသန့် | Pyei Sone Hein Group of Companies | ဒုတိယဥက္ကဋ္ဌ |
| ၆ | ဦးကောင်းဇံ | Cyber Net Technology Services Co., Ltd. | ဒုတိယဥက္ကဋ္ဌ |
| ၇ | ဦးဇေယျာဖြိုး | Techno Visions Co., Ltd. | အတွင်းရေးမှူး |
| ၈ | ဦးစိုးထွဋ် | Precision Focus Co., Ltd. | တွဲဖက်အတွင်းရေးမှူး |
| ၉ | ဒေါ်ကလျာပြည့်ဝေသျှံ | InLayLand Co., Ltd. | တွဲဖက်အတွင်းရေးမှူး |
| ၁၀ | ဦးအောင်သူရိန် | Global Gateway IT Co., Ltd. | တွဲဖက်အတွင်းရေးမှူး |
| ၁၁ | ဦးထွန်းထွန်းနိုင် | KMD Computer Centre | တွဲဖက်အတွင်းရေးမှူး |
| ၁၂ | ဦးမြတ်ဦး | Phoe Lamin Shopping Mall | တွဲဖက်အတွင်းရေးမှူး |
| ၁၃ | ဒေါ်ခင်မြထွဋ် | Citicom Co., Ltd. | ဘဏ္ဍာရေးမှူး |
| ၁၄ | ဒေါ်သင်းသင်းစိုး | KMD Co., Ltd. | စာရင်းစစ် |
| ၁၅ | ဦးကျော်မိုးခိုင် | My Space Internet | စာရင်းစစ် |
| ၁၆ | ဦးဇေယျသူရမွန် | Zeya & Associates Co., Ltd. | အလုပ်အမှုဆောင် |
| ၁၇ | ဒေါ်ခင်တိုးယဉ် | Winner Computer Group Co., Ltd. | အလုပ်အမှုဆောင် |
| ၁၈ | ဒေါက်တာကျော်ဖြိုးလင်း | Avidions Technologies Co., Ltd. | အလုပ်အမှုဆောင် |
| ၁၉ | ဦးဘိုဘိုဇော် | Ahead Mandalay Co., Ltd. | အလုပ်အမှုဆောင် |

| | | | |
|---|---|---|---|
| ၂၀ | ဒေါ်သန်းလှိုင်ဝင်း | New Me IT Solutions Co., Ltd. | အလုပ်အမှုဆောင် |
| ၂၁ | ဦးညီညီအောင် | TASTYSOFT Software Co., Ltd. | အလုပ်အမှုဆောင် |
| ၂၂ | ဦးမိုးနီချစ် | Mega Myanmar Surveillance Co., Ltd. | အလုပ်အမှုဆောင် |
| ၂၃ | ဒေါ်ဇင်မာထွန်း | IT Queen | အလုပ်အမှုဆောင် |
| ၂၄ | ဦးဇော်မင်း | SPR Computer | အလုပ်အမှုဆောင် |
| ၂၅ | ဦးမင်းမြတ်စိုးမိုး | Skylark Co., Ltd. | အလုပ်အမှုဆောင် |
| ၂၆ | ဦးနေလင်းထိုက် | Linn IT Solution Co., Ltd. | အလုပ်အမှုဆောင် |
| ၂၇ | ဦးမျိုးဇော် | Info Zone Co., Ltd. | အလုပ်အမှုဆောင် |
| ၂၈ | ဦးခိုင်သိန်း | Paragon Computer | အလုပ်အမှုဆောင် |
| ၂၉ | ဦးအေးရတနာမြင့် | Mya Taung International Co., Ltd. | အလုပ်အမှုဆောင် |
| ၃၀ | ဦးရန်နိုင်ထွန်း | Standard Computer Center | အလုပ်အမှုဆောင် |
| ၃၁ | ဦးရဲညီညီဝင်း | Jewel Computer | အလုပ်အမှုဆောင် |
| ၃၂ | ဦးညိုဝင်း | Shwe Pyi Kyaw Electronic | အလုပ်အမှုဆောင် |
| ၃၃ | ဦးဇင်ဘိုဘိုမောင် | Mya Myintmo Computer | အလုပ်အမှုဆောင် |
| ၃၄ | ဦးကျော်စိုးမင်း | Kyaw Electronic | အလုပ်အမှုဆောင် |
| ၃၅ | ဦးအောင်ယဉ်မြင့် | Light Computer Training Center | အလုပ်အမှုဆောင် |
| ၃၆ | ဦးဝင်းလွင်ဦး | Pan Wutyee Computer Design & Printing | အလုပ်အမှုဆောင် |
| ၃၇ | ဦးမင်းယုကြွယ် | Goal Computer Training Center | အလုပ်အမှုဆောင် |
| ၃၈ | ဦးတင့်လွင် | THIRI Computer | အလုပ်အမှုဆောင် |
| ၃၉ | ဦးရည်ဟိန်းကို | Double Y Computer | အလုပ်အမှုဆောင် |
| ၄၀ | ဦးသန်းဇော်ဌေး | Unity Studio | အလုပ်အမှုဆောင် |

| | | | |
|---|---|---|---|
| ၄၁ | ဦးကိုကိုဦး | Zaw Mobile | အလုပ်အမှုဆောင် |
| ၄၂ | ဦးမင်းမင်းလတ် | National Star Mobile | အလုပ်အမှုဆောင် |
| ၄၃ | ဦးဇော်ဝင်းထွန်း | Angel CCTV and Computer Network | အလုပ်အမှုဆောင် |
| ၄၄ | ဦးအောင်သန်းဝင်း | Toe Computer | အလုပ်အမှုဆောင် |
| ၄၅ | ဦးအောင်ဇော်ထွန်း | T-James Private School | အလုပ်အမှုဆောင် |
| ၄၆ | ဦးကြည်ဝင်း | SMT Internet & Network Game | အလုပ်အမှုဆောင် |
| ၄၇ | ဦးသန်းထိုက်ဝင်း | H.Y.W Co., Ltd. | အလုပ်အမှုဆောင် |
| ၄၈ | ဦးသန့်ဇင်ထွန်း | Global Link Computer | အလုပ်အမှုဆောင် |
| ၄၉ | ဦးနေမျိုး | Telecom Mobile | အလုပ်အမှုဆောင် |
| ၅၀ | ဦးအေးမင်းဦး | Aye Min Mobile | အလုပ်အမှုဆောင် |

## လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း

မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းသည် ပြည်တွင်း၊ ပြည်ပ လုပ်ငန်းတာဝန်များကို စနစ်တကျ သွက်လက်မြန်ဆန်စွာဖြင့် ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ (၃) ခုကို ဖွဲ့စည်း၍ တာဝန် ခွဲဝေသတ်မှတ်ပေးပြီး ဆောင်ရွက်စေခဲ့ပါသည်။ အဆိုပါ လုပ်ငန်းကော်မတီ (၃) ခုကို ဇယားဖြင့် တင်ပြအပ်ပါသည်။

### ၁. State and Region Development Committee

State and Region Development Committee Meeting ကို MCIA နှင့် ပြည်နယ်/ တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းများမှ ကိုယ်စားလှယ် (၁၈) ဦးဖြင့် ဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိပြီး၊ ကော်မတီအစည်းအဝေးများကို တစ်လလျှင် (၁) ကြိမ် ကျင်းပပြုလုပ်လျက်ရှိပြီး၊ ကော်မတီအနေဖြင့် ဆွေးနွေးဆုံးဖြတ်ချက်များကို ဗဟိုအလုပ်အမှုဆောင်အစည်းဝေးနှင့် အလုပ်အမှုဆောင် အစည်းအဝေးများတွင် အတည်ပြုချက်များ ရယူကာ ဆောင်ရွက်လျက်ရှိပါသည်။

| စဉ် | အမည် | ရာထူးတာဝန် | အဖွဲ့အစည်း |
|---|---|---|---|
| ၁ | ဦးကောင်းဇံ | အကြံပေး | မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၂ | ဒေါ်ခင်မြထွန်း | အကြံပေး | မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၃ | ဦးမြင့်ဇော် | ဥက္ကဋ္ဌ | ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၄ | ဦးမင်းမြတ်စိုးမိုး | အတွင်းရေးမှူး | နေပြည်တော်ကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၅ | ဒေါ်ခင်တိုးယဉ် | အဖွဲ့ဝင် | ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၆ | ဦးတင်ထူးခိုင် | အဖွဲ့ဝင် | ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၇ | ဦးဘိုဘိုဇော် | အဖွဲ့ဝင် | မန္တလေးတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၈ | ဦးသီဟဇော် | အဖွဲ့ဝင် | မန္တလေးတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၉ | ဒေါ်ထက်ရတနာဦး | အဖွဲ့ဝင် | နေပြည်တော်ကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၁၀ | ဦးရန်နိုင်ထွန်း | အဖွဲ့ဝင် | ဧရာဝတီတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၁၁ | ဦးအောင်ယဉ်မြင့် | အဖွဲ့ဝင် | စစ်ကိုင်းတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၁၂ | ဦးတင့်လွင် | အဖွဲ့ဝင် | မွန်ပြည်နယ်ကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၁၃ | ဦးကိုကိုဦး | အဖွဲ့ဝင် | မွန်ပြည်နယ်ကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၁၄ | ဦးဇော်ဝင်းထွန်း | အဖွဲ့ဝင် | ပဲခူးတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၁၅ | ဦးအောင်မြင့်သူ | အဖွဲ့ဝင် | ပဲခူးတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၁၆ | ဦးသန်းထိုက်ဝင်း | အဖွဲ့ဝင် | မကွေးတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၁၇ | ဦးအောင်မျိုးထွန်း | အဖွဲ့ဝင် | မကွေးတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၁၈ | ဦးနေမျိုး | အဖွဲ့ဝင် | ကရင်ပြည်နယ်ကွန်ပျူတာလုပ်ငန်းရှင်အသင်း |

## ၂. Technology & Innovation Committee

Technology & Innovation Committee Meeting ကို MCIA နှင့် ပြည်နယ်/ တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းများမှ ကိုယ်စားလှယ် (၁၉) ဦးဖြင့် ဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိပြီး၊ ကော်မတီအစည်းအဝေးများကို တစ်လလျှင် (၁) ကြိမ် ကျင်းပပြုလုပ်လျက်ရှိပါသည်။ ကော်မတီအနေဖြင့် ဆွေးနွေးဆုံးဖြတ်ချက်များကို ဗဟိုအလုပ်အမှုဆောင်အစည်းဝေးနှင့် အလုပ်အမှုဆောင် အစည်းအဝေးများတွင် အတည်ပြုချက်များ ရယူကာ ဆောင်ရွက်လျက်ရှိပါသည်။

| စဉ် | အမည် | ရာထူးတာဝန် | အဖွဲ့အစည်း |
|---|---|---|---|
| ၁ | ဦးဇော်ထွဋ် | အကြံပေး | မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၂ | ဒေါက်တာဇော်လင်း | အကြံပေး | မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၃ | ဦးထွန်းထွန်းနိုင် | အကြံပေး | မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၄ | ဦးသိန်းဆွေ | ဥက္ကဋ္ဌ | ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၅ | ဒေါ်ဇင်မာထွန်း | ဒုတိယဥက္ကဋ္ဌ | မန္တလေးတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၆ | ဦးမျိုးဇော် | ဒုတိယဥက္ကဋ္ဌ | နေပြည်တော်ကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၇ | ဦးအောင်ပြည့်ဖြိုး | အတွင်းရေးမှူး | ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၈ | ဦးသန်းဇော်ဌေး | တွဲဘက်အတွင်းရေးမှူး | မွန်ပြည်နယ်ကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၉ | ဦးအောင်သန်းဝင်း | တွဲဘက်အတွင်းရေးမှူး | ပဲခူးတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၁၀ | ဒေါ်သန္တာထွေး | အဖွဲ့ဝင် | မန္တလေးတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၁၁ | ဦးကျော်သက်ထွေး | အဖွဲ့ဝင် | နေပြည်တော်ကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၁၂ | ဦးရဲညီညီဝင်း | အဖွဲ့ဝင် | ဧရာဝတီတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၁၃ | ဦးကျော်စိုးမင်း | အဖွဲ့ဝင် | ဧရာဝတီတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၁၄ | ဦးဝင်းလွင်ဦး | အဖွဲ့ဝင် | စစ်ကိုင်းတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၁၅ | ဦးသန်းပေါ်လာထူး | အဖွဲ့ဝင် | မွန်ပြည်နယ်ကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၁၆ | ဦးနိုင်လင်းဦး | အဖွဲ့ဝင် | ပဲခူးတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၁၇ | ဦးပြည့်ဖြိုးထက် | အဖွဲ့ဝင် | ပဲခူးတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၁၈ | ဦးသက်မင်းဦး | အဖွဲ့ဝင် | မကွေးတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၁၉ | ဦးအေးမင်းဦး | အဖွဲ့ဝင် | ကရင်ပြည်နယ်ကွန်ပျူတာလုပ်ငန်းရှင်အသင်း |

## ၃. Engagement & Communication Committee

Engagement & Communication Committee Meeting ကို MCIA နှင့် ပြည်နယ်/ တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းများမှ ကိုယ်စားလှယ် (၂၀) ဦးဖြင့် ဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိပြီး၊ ကော်မတီအစည်းအဝေးများကို တစ်လလျှင် (၂) ကြိမ် ကျင်းပပြုလုပ်လျက်ရှိပါသည်။ ကော်မတီအနေဖြင့် ဆွေးနွေးဆုံးဖြတ်ချက်များကို ဗဟိုအလုပ်အမှုဆောင်အစည်းဝေးနှင့် အလုပ်အမှုဆောင် အစည်းအဝေးများတွင် အတည်ပြုချက်များ ရယူကာ ဆောင်ရွက်လျက်ရှိပါသည်။

| စဉ် | အမည် | ရာထူးတာဝန် | အဖွဲ့အစည်း |
|---|---|---|---|
| ၁ | ဒေါက်တာမျိုးနိုင် | အကြံပေး | မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၂ | ဦးစိုးထွန်း | အကြံပေး | မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၃ | ဦးမြတ်ဦး | အကြံပေး | မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၄ | ဒေါက်တာကျော်ဖြိုးလင်း | ဥက္ကဋ္ဌ | ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၅ | ဒေါ်သန်းလှိုင်ဝင်း | အတွင်းရေးမှူး | မန္တလေးတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၆ | ဒေါက်တာမြမြလွင် | အဖွဲ့ဝင် | ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၇ | ဦးလှမိုး | အဖွဲ့ဝင် | ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၈ | ဦးအေးမောင်မောင်ထွေး | အဖွဲ့ဝင် | မန္တလေးတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၉ | ဒေါ်လှပြည့်စုံ | အဖွဲ့ဝင် | နေပြည်တော်ကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၁၀ | ဦးဝင်းဇော်ဦး | အဖွဲ့ဝင် | နေပြည်တော်ကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၁၁ | ဦးညိုဝင်း | အဖွဲ့ဝင် | ဧရာဝတီတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၁၂ | ဦးဇင်ဘိုဘိုမောင် | အဖွဲ့ဝင် | ဧရာဝတီတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၁၃ | ဦးမင်းယုကြွယ် | အဖွဲ့ဝင် | စစ်ကိုင်းတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၁၄ | ဦးနေဇော်အောင် | အဖွဲ့ဝင် | မွန်ပြည်နယ်ကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၁၅ | ဦးရည်ဟိန်းကို | အဖွဲ့ဝင် | မွန်ပြည်နယ်ကွန်ပျူတာလုပ်ငန်းရှင်အသင်း |

| | | | |
|---|---|---|---|
| ၁၆ | ဦးအာသာဝေဖြိုး | အဖွဲ့ဝင် | ပဲခူးတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၁၇ | ဦးဇေယျာလွင် | အဖွဲ့ဝင် | ပဲခူးတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၁၈ | ဦးသန့်ဇင်ထွန်း | အဖွဲ့ဝင် | မကွေးတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၁၉ | ဒေါ်ကြူကြူခင် | အဖွဲ့ဝင် | မကွေးတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း |
| ၂၀ | ဦးစောကျော်စွာမင်း | အဖွဲ့ဝင် | ကရင်ပြည်နယ်ကွန်ပျူတာလုပ်ငန်းရှင်အသင်း |


# ၂၀၂၅ ခုနှစ်အတွင်း ကျင်းပပြုလုပ်ခဲ့သော ပြည်တွင်း/ ပြည်ပ အစည်းအဝေးများ၊ ဆွေးနွေးပွဲများနှင့် အသင်းလှုပ်ရှားဆောင်ရွက်မှုများ

| စဉ် | အစည်းအဝေး | ကျင်းပပြုလုပ်သည့်အကြိမ် |
|---|---|---|
| ၁ | ဗဟိုအလုပ်အမှုဆောင် အစည်းအဝေး | ၄၀ ကြိမ် |
| ၂ | အလုပ်အမှုဆောင် အစည်းအဝေး | ၈ ကြိမ် |
| ၃ | ၃ လပတ် အစည်းအဝေး | ၄ ကြိမ် |
| ၄ | လုပ်ငန်းကော်မတီ အစည်းအဝေး | ၃၈ ကြိမ် |
| ၅ | နိုင်ငံခြားအဖွဲ့အစည်းများနှင့်တွေ့ဆုံခြင်း၊ အစည်းအဝေးများ တက်ရောက်ခြင်း | ၄ ကြိမ် |
| ၆ | ပြည်တွင်းအဖွဲ့အစည်းများနှင့် ကျင်းပပြုလုပ်သော အခမ်းအနားများနှင့် အစည်းအဝေးများ | ၄၇ ကြိမ် |

## ၁။ ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးများ




မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးများကို အပတ်စဉ် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်လျက်ရှိပါသည်။ အဆိုပါ အစည်းအဝေးသို့ ဥက္ကဋ္ဌမှ စာရင်းစစ်အထိနှင့် MCIA Working Committee များမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများမှ တက်ရောက်လျက်ရှိပြီး ဆွေးနွေးဆုံးဖြတ်ချက်များကို လစဉ်ကျင်းပပြုလုပ်လျက်ရှိသည့် အလုပ်အမှုဆောင် အစည်းအဝေးတွင် အတည်ပြုချက်ရယူကာ ဆောင်ရွက်လျက်ရှိပါသည်။



## ၂။ အလုပ်အမှုဆောင် အစည်းအဝေးများ

မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ အလုပ်အမှုဆောင် အစည်းအဝေးများကို တစ်နှစ်လျှင် (၈) ကြိမ် ကျင်းပပြုလုပ်လျက်ရှိပြီး မတ်လ၊ ဇွန်လ၊ စက်တင်ဘာလနှင့် ဒီဇင်ဘာလများမှအပ၊ လစဉ် ဒုတိယအပတ်၏ ဗုဒ္ဓဟူးနေ့၊ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်လျက်ရှိပါသည်။ အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ ဗဟိုအလုပ်အမှုဆောင်များနှင့် ပြည်နယ်/ တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်လျက်ရှိပြီး ပြည်နယ်/ တိုင်းဒေသကြီး အသင်းများ၏ ဆောင်ရွက်ချက်များကို တင်ပြကြပြီး၊ ဆွေးနွေးဆုံးဖြတ်ချက်များကို (၃) လလျှင် တစ်ကြိမ် ကျင်းပပြုလုပ်သည့် (၃) လပတ် အစည်းအဝေးတွင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြန်လည်တင်ပြကာ ဆောင်ရွက်လျက်ရှိပါသည်။

## ၃။ (၃) လပတ် အစည်းအဝေးများ

မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ (၃) လပတ် အစည်းအဝေးများကို တစ်နှစ်လျှင် (၄) ကြိမ် ကျင်းပပြုလုပ်လျက်ရှိပြီး မတ်လ၊ ဇွန်လ၊ စက်တင်ဘာလနှင့် ဒီဇင်ဘာလများတွင် ဒုတိယအပတ်၏ ဗုဒ္ဓဟူးနေ့၊ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်လျက်ရှိပါသည်။ အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ ဗဟိုအလုပ်အမှုဆောင်များနှင့် ပြည်နယ်/ တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်လျက်ရှိပြီး၊ MCIA နှင့် ပြည်နယ်/ တိုင်းဒေသကြီး အသင်းများ၏ (၃) လတာအတွင်း ဆောင်ရွက်ခဲ့ပြီးသော လုပ်ငန်းစဉ်များနှင့် ထပ်မံဆောင်ရွက်ရန် ကျန်ရှိနေသော လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ကာ ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဆွေးနွေးဆောင်ရွက်လျက်ရှိပါသည်။





## ၄။ နိုင်ငံခြားအဖွဲ့အစည်းများနှင့်တွေ့ဆုံခြင်း၊ အစည်းအဝေးများ တက်ရောက်ခြင်း

### IMPACT Exhibition Management Co., Ltd. နှင့် MCIA, MCPA EC များ တွေ့ဆုံဆွေးနွေးခြင်း

IMPACT Exhibition Management Co., Ltd. နှင့် MCIA, MCPA EC များမှ DigiTech ASEAN Thailand & AI Connect 2025 တွင် မြန်မာအိုင်တီကုမ္ပဏီများမှ ပါဝင်ပြသနိုင်ရန်နှင့် Business Matching များ ပြုလုပ်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးခြင်းကို ၂၀၂၅ ခုနှစ်၊ မတ်လ ၇ ရက်တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ အစည်းအဝေးသို့ MCIA ဒုတိယဥက္ကဋ္ဌ၊ ဒေါက်တာမျိုးနိုင်နှင့် MCPA ဗဟိုအလုပ်အမှုဆောင်များမှ တက်ရောက်ခဲ့ကြပါသည်။






### ASOCIO Plenary Meeting & MTV 2025 တက်ရောက်ခြင်း

ASOCIO Plenary Meeting & MTV 2025 ကို ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့တွင် ၂၀၂၅ ခုနှစ်၊ မေလ (၂၇) ရက်မှ (၂၈) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ MCIA ဒုတိယဥက္ကဋ္ဌ၊ ဒေါက်တာမျိုးနိုင်မှ တက်ရောက်ခဲ့ပါသည်။






## “ASOCIO Digital Summit 2025”သို့ MCIA မှ ဦးဆောင်၍ အသင်းဝင်များနှင့် တက်ရောက်ခြင်း

“ASOCIO Digital Summit 2025” ကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက်နေ့မှ (၁၂) ရက်နေ့အထိ ထိုင်ဝမ်၊ တိုင်ပေတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ MCIA Vice President များဖြစ်ကြသော ဦးဇော်ထွဋ်နှင့် ဒေါက်တာမျိုးနိုင်တို့မှ ဦးဆောင်၍ အသင်းဝင်ကုမ္ပဏီများမှ တက်ရောက်ခဲ့ပါသည်။












## MCIA မှ DigiTech ASEAN Thailand & AI Connect 2025 သို့ ပါဝင်ပြသခဲ့

ထိုင်းနိုင်ငံ၊ IMPACT Exhibition Management Co., Ltd. မှ ကြီးမှူးကျင်းပမည့် DigiTech ASEAN Thailand & AI Connect 2025 ကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက်မှ (၂၁) ရက်နေ့ အထိ ထိုင်းနိုင်ငံ IMPACT Exhibition and Convention Centre Hall 7 and Hall 8 တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ ပြပွဲသို့ MCIA မှ ပြခန်းတစ်ခန်း ပါဝင်ပြသခဲ့ပြီး၊ အသင်းဝင်ကုမ္ပဏီ (၁၀) ခုမှ Business Matching ပြုလုပ်ခဲ့ပါသည်။

































## ၅။ ပြည်တွင်းအဖွဲ့အစည်းများနှင့် ကျင်းပပြုလုပ်သော အခမ်းအနားများနှင့် အစည်းအဝေးများ

### Intra-Association Friendship Badminton Competition 2025" သို့ပါဝင်ယှဉ်ပြိုင်ခြင်း

Myanmar Young Entrepreneurs Association (MYEA) ၊ Myanmar Fujian Association နှင့် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ် (MBF) တို့မှကြီးမှူးကျင်းပမည့် "Intra-Association Friendship Badminton Competition 2025" အား ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ (၁၈)ရက်နေ့နှင့် (၁၉)ရက်နေ့များတွင် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ် အမျိုးသားကြက်တောင်အားကစားခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါပြိုင်ပွဲသို့ MCIA ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် MCIA-Yangon မှ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့မှ ပါဝင်ခဲ့ကြပါသည်။









### ပြည်ထောင်စုအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲတွင် Digital Corner ပြခန်းများ ပြသနိုင်ရေး ပါဝင်ဆောင်ရွက်ခြင်း

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော် အရှေ့ဘက်ရှိ တပေါင်းကွင်း၌ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၀) ရက်နေ့မှ (၁၆) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ MCF မှ Digital Corner အနေဖြင့် ပါဝင်ပြသခဲ့ရာ MCIA မှ ပြခန်းဖြစ်မြောက်ရေးအတွက် ပါဝင်ပံ့ပိုးပေးခဲ့ပါသည်။















## MCIA, MCPA & MDPSEA အသင်းတို့ တွေ့ဆုံဆွေးနွေးခြင်းကျင်းပပြုလုပ်ခြင်း

MCIA, MCPA နှင့် MDPSEA အသင်းတို့သည် PRINT-SIGN & ICT EXPO 2025 ကျင်းပပြုလုပ်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ တွေ့ဆုံခြင်းကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇) ရက်၊ နေ့လည် (၃:၃၀) နာရီတွင် MCIA Office ၌ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။







## “4th ICT Friendship Golf Tournament 2025” ကျင်းပပြုလုပ်

မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ ကြီးမှူးကျင်းပသော “4th ICT Friendship Golf Tournament 2025” ကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်၊ နံနက် (၁၁:၀၀) နာရီတွင် Yangon Golf Club, ဒညင်းကုန်းဂေါက်ကွင်း၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါပြိုင်ပွဲသို့ MCIA member များ၊ ညီနောင်အသင်းများမှ ဧည့်သည်တော်များ၊ အမျိုးသမီး Golfer များမှ ပါဝင် ယှဉ်ပြိုင်ခဲ့ကြပြီး၊ Awarding Ceremony ကို ညနေ (၅း၃၀) နာရီတွင် Yangon Golf Club တွင် စည်းကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။






















## မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ Retreat Meeting ကျင်းပပြုလုပ်

မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ Retreat Meeting ကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၂၅) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး မိုးယွန်းကြီးအင်း၌ ကျင်းပ ပြုလုပ်ခဲ့ကြပါသည်။ အစည်းအဝေးသို့ MCIA အလုပ်အမှုဆောင်များနှင့် ပြည်နယ်/ တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းများမှ ဆရာ/ဆရာမများမှ တက်ရောက်ဆွေးနွေးခဲ့ကြပြီး၊ Team Building Program များလည်း ပြုလုပ်ခဲ့ကြပါသည်။







MCIA
MCIA

MCIA
INDUSTRY ASSOCIATION






MCIA



MCIA
25.1.2

MCIA
MCIA
COMPUTER INDUSTRY ASSOCIATION
MCIA

MCIA
MCIA
COMPUTER INDUSTRY ASSOCIATION
MCIA




MCIA
MCIA
MCIA

## ကုန်သွယ်မှုလုပ်ငန်းများ မှန်ကန်ချောမွေ့စေရေး ပထမအကြိမ် အစိုးရ-ပုဂ္ဂလိက လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ခြင်း

ကုန်သွယ်မှုလုပ်ငန်းများ မှန်ကန်ချောမွေ့စေရေး ပထမအကြိမ် အစိုးရ-ပုဂ္ဂလိက လုပ်ငန်းညှိနှိုင်းအစည်းကို ၂၀၂၅ ခုနှစ်၊ မတ်လ ၉ ရက်၊ နံနက် (၁၀:၀၀) နာရီတွင် UMFCCI ပထမအထပ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ MCIA ဒုတိယဥက္ကဋ္ဌ၊ ဦးဇော်ထွဋ်မှ တက်ရောက်ဆွေးနွေးခဲ့ပါသည်။



## MCF Retreat Meeting သို့ တက်ရောက်ဆွေးနွေးခြင်း

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၏ Retreat Meeting ကို ၂၀၂၅ ခုနှစ်၊ မတ်လ ၁၄ ရက်နှင့် ၁၅ ရက်နေ့များတွင် Pan Pacific Hotel, Yangon ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ MCIA ဥက္ကဋ္ဌ၊ ဦးမျိုးမင်းဦး၊ ဒုတိယဥက္ကဋ္ဌ၊ ဦးဇော်ထွဋ် နှင့် ဒုတိယဥက္ကဋ္ဌ၊ ဒေါက်တာဇော်လင်းတို့မှ တက်ရောက်ဆွေးနွေးခဲ့ပါသည်။







## MCPA ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေး အခမ်းအနားနှင့် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း

MCPA AGM နှင့် ညစာစားပွဲ အခမ်းအနားကို ၂၀၂၅ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့၊ နံနက် (၈း၃၀) နာရီတွင် Jade Room, Ground Floor, Inyalake Hotel, Yangon ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ MCIA ဥက္ကဋ္ဌ၊ ဦးမျိုးမင်းဦး၊ ဒုတိယဥက္ကဋ္ဌ၊ ဦးဇော်ထွဋ် နှင့် တွဲဖက်အတွင်းရေးမှူး၊ ဦးမြတ်ဦးတို့မှ တက်ရောက်ခဲ့ပါသည်။





## Global Startup Awards (GSA) ရဲ့ Official Country Partner ဖြစ်သည့် MYANWEN မှ ဦးစီးပြီး မိတ်ဆက်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း

Global Startup Awards (GSA) ရဲ့ Official Country Partner ဖြစ်သည့် မြန်မာစီးပွါးရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက် (MYANWEN) မှ ဦးစီးပြီး မိတ်ဆက်ပွဲကို ၂၀၂၅ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် Pan Pacific Hotel, Pacific Ballroom တွင် ကျင်းပခဲ့ပါသည်။ အခမ်းအနားသို့ MCIA ဥက္ကဋ္ဌ၊ ဦးမျိုးမင်းဦးမှ တက်ရောက်ခဲ့ပါသည်။





## National ICT Awards 2024 ဆုချီးမြှင့်ပွဲနှင့် ပရောဂျက်များ ခင်းကျင်းပြသပွဲသို့ တက်ရောက်ခြင်း

ပညာရေးဝန်ကြီးဌာနနှင့် MCF တို့ ပူးပေါင်းကျင်းပပြုလုပ်သည့် National ICT Awards 2024 ဆုချီးမြှင့်ပွဲနှင့် ပရောဂျက်များ ခင်းကျင်းပြသပွဲကို ၂၀၂၅ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့၊ နံနက် (၉း၃၀) နာရီတွင် MICT Park, Conference Hall ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ MCIA ဥက္ကဋ္ဌ၊ ဦးမျိုးမင်းဦး၊ ဒုတိယဥက္ကဋ္ဌ၊ ဦးဇော်ထွဋ်တို့မှ တက်ရောက်ခဲ့ပါသည်။





## MCIA, MCPA and AYA Bank တို့ တွေ့ဆုံဆွေးနွေးခြင်း

MCIA, MCPA နှင့် AYA Bank တို့သည် မေလတွင် ကျင်းပပြုလုပ်မည့် ICT EXPO 2025 နှင့်ပတ်သက်၍ Main Partner အနေဖြင့် ရရှိမည့် Benefit များနှင့် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ဆွေးနွေးခြင်းကို ၂၀၂၅ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့၊ နေ့လည် (၂း၃၀) နာရီတွင် MCIA Office ၌ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ အခမ်းအနားသို့ MCIA ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဦးဇော်ထွဋ်နှင့် MCPA ဒုတိယဥက္ကဋ္ဌ၊ ဦးမင်းဦးတို့မှ တက်ရောက်ခဲ့ပါသည်။





## MCIA ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့မှ လျှောင်ဘေးသင့် ဒေသများသို့ သွားရောက်ကူညီလှူဒါန်းခဲ့ခြင်း

မြန်မာပြည်အလယ်ပိုင်းဒေသများတွင် လှုပ်ခတ်ခဲ့သော ငလျင်ဘေးနှင့်ပတ်သက်၍ ငလျင်ဒဏ်သင့် ဒေသများသို့ MCIA ဒုတိယဥက္ကဋ္ဌ၊ ဒေါက်တာဇော်လင်း ဦးဆောင်သောအဖွဲ့သည် တောင်ငူမြို့၊ နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းမြို့များသို့ ကွန်ပျူတာအသင်းများမှ လှူဒါန်းငွေများနှင့် လိုအပ်သည့် ပစ္စည်းများ၊ တစ်ကိုယ်စာ Package များ၊ ရေသန့်ဗူးများ၊ မီးစက်များ၊ ခြင်ထောင်များ၊ Volunteer များနှင့် လိုအပ်နေသူများအား ချက်ပြုတ်ကျွေးမွေးရန် ပစ္စည်းများနှင့် အသင်းသားများသို့ ထောက်ပံ့ပေးနိုင်ရေးတို့အတွက်စီစဉ်ကာ ၁.၄.၂၀၂၅ ရက်နေ့ နံနက်အစောပိုင်းတွင် ရန်ကုန်မြို့မှ ထွက်ခွာသွားပါသည်။ ယခုအခါတွင် ဒေါက်တာဇော်လင်းနှင့်အဖွဲ့သည် မြေပြင်လိုအပ်ချက်အရ မန္တလေးဆေးရုံကြီးအတွက် ECG စက် ၂ လုံးနှင့် စစ်ကိုင်းဆေးရုံးကြီးအတွက် ဆေးရုံသုံး ပစ္စည်းများ၊ စစ်ကိုင်းမြို့ မင်းဝန်းတောင်အရပ်မှ ဘုန်းကြီးကျောင်း ၅၆ ကျောင်းသို့ ကိုယ်တိုင်ကိုယ်ကြ ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကာ၊ မြေပြင်လိုအပ်ချက်များအလိုက် လှူဒါန်းခဲ့ကြပါသည်။
























## PRINT-SIGN & ICT EXPO 2025 ပြပွဲအတွက် Exhibitor များနှင့် တွေ့ဆုံခြင်း

PRINT-SIGN & ICT EXPO 2025 ပြပွဲအတွက် Exhibitor များနှင့် တွေ့ဆုံခြင်းကို (၃၀.၄.၂၀၂၅) ရက်နေ့တွင် MCF Meeting Room ၌ တွေ့ဆုံကာ ပြခန်းများ ရွေးချယ်ဝယ်ယူခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ အခမ်းအနားသို့ MCIA ဥက္ကဋ္ဌ၊ ဦးမျိုးမင်းဦး၊ ဒုတိယဥက္ကဋ္ဌ၊ ဦးဇော်ထွဋ်၊ MCPA ဥက္ကဋ္ဌ၊ ဦးထွန်းခိုင်နှင့် ဒုတိယဥက္ကဋ္ဌ၊ ဦးမင်းဦးတို့မှ တက်ရောက်ခဲ့ပါသည်။







## PRINT-SIGN & ICT EXPO 2025 ကျင်းပပြုလုပ်

MCIA, MCPA & MDPSEA အသင်းတို့မှ ကြီးမှူးကျင်းပသော PRINT-SIGN & ICT EXPO 2025 ကို ၂၀၂၅ ခုနှစ်၊ မေလ ၁၆ ရက်မှ ၁၈ ရက်နေ့အထိ ရန်ကုန်မြို့၊ YCC ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး၊ ပြပွဲဖွင့်ပွဲအခမ်းအနားသို့ UMFCCI, MCF, MCPA, MCIA, MDPSEA နှင့် ညီနောင်အသင်းများမှ တက်ရောက်ခဲ့ပြီး၊ UMFCCI ဥက္ကဋ္ဌ၊ MCF ဥက္ကဋ္ဌ တို့မှ မှဒိတာစကားနှင့် အမှာစကားပြောကြားခဲ့ပြီး၊ MDPSEA ဥက္ကဋ္ဌမှ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်းနှင့် MCIA ဒုတိယဥက္ကဋ္ဌမှ ပြပွဲအကြောင်း ရှင်းလင်းတင်ပြခဲ့ပြီး အခမ်းအနားအား ဖဲကြိုးဖြတ်ကာ အောင်မြင်စွာ ဖွင့်လှစ်ပေးခဲ့ကြပါသည်။


PRINT & SIGN ICT EXPO 2025
MCIA
MCPA
16-18 May 2025
Yangon Convention Center


PRINT & SIGN ICT EXPO 2025
MCIA
MCPA




PRINT & SIGN ICT EXPO 2025
MCIA
MCPA
16-18 May 2025
Yangon Convention Center


PRINT & SIGN ICT EXPO 2025
MCIA
MCPA


PRINT & SIGN ICT EXPO 2025






















PRINT & SIGN ICT EXPO 2025
AYA Bank

2
PRINT & SIGN ICT EXPO 2025

PRINT & SIGN ICT EXPO 2025

PRINT & SIGN ICT EXPO 2025
WELCOME
WELCOME

AYA PAY


EPSON

BROTHER IS WORLD'S #1



Business


Smart

GALAXY SOFTWARE

Lenovo
ThinkPad
Lenovo

SATO
SATO
SATO
SATO


SUNMI


Canon
Canon
Canon
Canon
Canon
Canon

PRINT & SIGN ICT EXPO 2025

PRINT & SIGN ICT EXPO 2025

PRINT & SIGN ICT EXPO 2025
16-18 MAY 2025
YANGON CONVENTION CENTER

MCIA
MYANMAR COMPUTER INDUSTRY ASSOCIATION

## ငလျင်ဘေးသင့်ဒေသများသို့ ပြန်လည်ထူထောင်ရေးအတွက် လှူဒါန်းခြင်း

ငလျင်ဘေးသင့်ဒေသများထဲမှ အင်းလေးဒေသသို့ ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သည့်နေရာများသို့ MCIA ဒုတိယဥက္ကဋ္ဌ၊ ဒေါက်တာဇော်လင်းဦးဆောင်သောအဖွဲ့မှ (၂၄.၅.၂၀၂၅) ရက်နေ့တွင် သွားရောက်လှူဒါန်းခဲ့ရာ MCIA အနေဖြင့် လှူဒါန်းငွေ သိန်း (၆၀) တိတိကိုလည်း ပါဝင်လှူဒါန်းခဲ့ပါကြောင်း တင်ပြအပ်ပါသည်။









## သတင်းအချက်အလက်နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်သင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသန ဌာနနှင့် အိန္ဒိယနိုင်ငံ၊ C-DAC အဖွဲ့အစည်းတို့၏ နားလည်မှုစာချွန်လွှာ (MOU) သက်တမ်းတိုးကာလအတွင်း သတင်းအချက်အလက်နည်းပညာဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်သင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး အတွက် ညှိနှိုင်းအစည်းအဝေးကို (၂၇.၅.၂၀၂၅) ရက်နေ့တွင် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာသုတေသနဌာန၊ ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ MCIA ဒုတိယဥက္ကဋ္ဌ၊ ဒေါက်တာဇော်လင်းမှ တက်ရောက်ဆွေးနွေးခဲ့ပါသည်။



## ၂၂ ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ မိတ်ဆက်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဖိတ်ကြားလာသော ၂၂ ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ မိတ်ဆက်ပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ်၊ မေလ (၃၀) ရက်နေ့တွင် ရန်ကုန်မြို့၊ Wyndham Grand Hotel ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ MCIA ဥက္ကဋ္ဌ၊ MCIA-Yangon အလုပ်အမှုဆောင်၊ ဦးဇော်မင်းအောင်နှင့် MPSS Co., Ltd. မှ ဒေါ်ပန်းအိဖြူတို့မှ တက်ရောက်ခဲ့ကြပါသည်။









## PRINT-SIGN & ICT EXPO 2025 FEEDBACK AND REVIEW MEETING ကျင်းပပြုလုပ်

၂၀၂၅ ခုနှစ်၊ မေလ (၁၆) ရက်နေ့မှ (၁၈) ရက်နေ့အထိ YCC ခန်းမတွင် ကျင်းပပြုလုပ်ခဲ့သော PRINT-SIGN & ICT EXPO 2025 ပြပွဲနှင့်ပတ်သက်သော FEEDBACK AND REVIEW MEETING ကို ၂၀၂၅ ခုနှစ်၊ ဇွန်လ (၃) ရက်နေ့တွင် ရန်ကုန်မြို့၊ Yoon Kitchen ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ MCIA နာယက ဦးအောင်ကျော်မိုး၊ MCIA ဥက္ကဋ္ဌ ဦးမျိုးမင်းဦး၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်ထွန်း၊ MCPA ဥက္ကဋ္ဌ ဦးထွန်းခိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးမင်းဦးနှင့် MDPSEA ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များမှ တက်ရောက်ခဲ့ကြပါသည်။





## မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ယက်၏ စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေး သို့ တက်ရောက်ခြင်း


မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ယက် (MYANWEN) ၏ စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဇွန်လ (၇) ရက်နေ့တွင် Lotte Hotel (Crystal Ballroom) ၌ ကျင်းပခဲ့ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ MCIA နာယက ဦးအောင်ကျော်မိုးနှင့် MCIA ဥက္ကဋ္ဌ ဦးမျိုးမင်းဦး၊ ဒုတိယဥက္ကဋ္ဌ ဦးကောင်းဇံ၊ MCIA-Yangon ဥက္ကဋ္ဌ ဒေါ်ခင်တိုးယဉ်နှင့် အတွင်းရေးမှူး ဒေါက်တာကျော်ဖြိုးလင်းတို့တို့မှ တက်ရောက်ခဲ့ကြပါသည်။






## ငလျင်ဘေးအန္တရာယ်နှင့် ဆောင်ရန်ရှောင်များ Workshop အခမ်းအနားသို့ တက်ရောက်ခြင်း

Yangon-MCIA မှ ကြီးမှူးကျင်းပသော "Earthquake Safety Do's & Don'ts" (ငလျင်ဘေးအန္တရာယ်နှင့် ဆောင်ရန်ရှောင်ရန်များ) ဆိုသည့် ငလျင်အသိပညာပေး ဆွေးနွေးဟောပြောပွဲအား ၂၀၂၅ ခုနှစ်၊ ဇွန်လ (၁၄) ရက်၊ စနေနေ့၊ နေ့လယ် (၁) နာရီမှ ညနေ (၄) နာရီအထိ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်တက္ကသိုလ်ဝန်းအတွင်းရှိ MICT Park , Main Building , Conference Hall ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ MCIA ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ဦးကောင်းဇံ၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်မြထွဋ်တို့မှ တက်ရောက်ခဲ့ကြပါသည်။




## ငလျင်ဘေးအန္တရာယ်နှင့် ဆောင်ရန်ရှောင်ရန်များ Workshop အခမ်းအနားသို့ တက်ရောက်ခြင်း

International MSMEs Day 2025 အထိမ်းအမှတ် “Digital နည်းပညာ အသုံးပြုခြင်းဆိုင်ရာအသိပညာမျှဝေဆွေးနွေးခြင်း” နှင့် MSMEs Software Showcase ပြခန်းများ ခင်းကျင်းပြသပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဇွန်လ (၂၇) ရက်၊ သောကြာနေ့၊ နံနက် (၉း၀၀) နာရီမှ ညနေ (၅း၀၀) နာရီအထိ ရန်ကုန်မြို့၊ လှိုင်မြို့နယ်ရှိ MICT Park, Main Building, Conference Hall ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ MCIA ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းသန့်နှင့် ဦးကောင်းဇံတို့မှ တက်ရောက်ခဲ့ကြပါသည်။




















## ပဲခူးတိုင်းအသင်း ဒုတိယဥက္ကဋ္ဌထံသို့ ကျန်းမာရေးအတွက် ပံ့ပိုးကူညီငွေ ပေးအပ်ခြင်း

ပဲခူးတိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ ဒုတိယဥက္ကဋ္ဌဖြစ်သော ဦးအောင်မြင့်သူသည် ခန္ဓာကိုယ်တစ်ခြမ်း လေဖြတ်သွားသောကြောင့် MCIA မှ (၅) သိန်းကျပ် မတည်ကာ အလုပ်အမှုဆောင်များမှ ပံ့ပိုးကူညီငွေ စုစုပေါင်း (၁၅) သိန်းကျပ်အား ပဲခူးတိုင်းအသင်းမှ ကိုယ်စား သွားရောက်ပေးအပ်ခဲ့ပါသည်။





## “22nd China-ASEAN Expo - CAEXPO” နှင့်ပတ်သက်သော ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ဆွေးနွေး

(၂၂) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ (22nd China-ASEAN Expo - CAEXPO)” သို့ မြန်မာနိုင်ငံမှ Country of Honor အဖြစ် ပါဝင်ပြသနိုင်ရေး ညှိနှိုင်း အစည်းအဝေးကို ၂၃.၇.၂၀၂၅ ရက်နေ့တွင် Online မှတစ်ဆင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ MCIA ဒုတိယဥက္ကဋ္ဌ၊ ဒေါက်တာမျိုးနိုင်မှ တက်ရောက်ဆွေးနွေးခဲ့ပါသည်။






## Artificial Intelligence (AI) မိတ်ဆက်" ခေါင်းစဉ်ဖြင့် "AI Training" အား ကျင်းပပြုလုပ်

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း (Yangon-MCIA)နှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် (MCEF) တို့ပူးပေါင်းကာ "ခေတ်သစ်ဆောက်လုပ်ရေးလုပ်ငန်းနှင့် Artificial Intelligence (AI) မိတ်ဆက်" ခေါင်းစဉ်ဖြင့် "AI Training" အား ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၂၆) ရက်၊ စနေနေ့တွင် နံနက် (၉) နာရီမှ ညနေ (၄)နာရီအထိ အမှတ် (၃)၊ သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ MCEF အသင်းချုပ် အစည်းအဝေးခန်းမ၌ အောင်မြင်စွာ ပူးပေါင်းဖွင့်လှစ်နိုင်ခဲ့ပါသည်။ တက်ရောက်ခဲ့ကြပါသည်။





## AI FOR MANAGING BUSINESS TRAINING ကျင်းပပြုလုပ်

နေပြည်တော်ကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ AI FOR MANAGING BUSINESS TRAINING ကို (၂၀.၇.၂၀၂၅)ရက်နေ့တွင် နေပြည်တော်၊ Hotel Max တွင် သင်တန်းသူ/သင်တန်းသားနှင့် ဧည့်သည်တော်များအပါအဝင် တက်ရောက်သူ (၁၅၀) ဦးဖြင့် စည်းကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။







## “Using Internet For Human Resource Development” သင်တန်း ကျင်းပပြုလုပ်

မကွေးတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ “Using Internet For Human Resource Development” သင်တန်းကို (၁၈.၇.၂၀၂၅) ရက်နေ့တွင် မင်းဘူး MCC သင်တန်းကျောင်း၌ သင်တန်းပို့ချခဲ့ပါသည်။






## ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

မကွေးတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ (၁၈.၇.၂၀၂၅) ရက် ၊ သောကြာနေ့ ၊ နံနက် (၉း၃၀)တွင် မင်းဘူးမြို့မြောက်ဘက် ၅ မိုင်အကွာရှိ ဇရပ်ကြီးကျေးရွာ တောင်ပေါ်ကျောင်းတွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခဲ့ပါသည်။




## "MCIA Charity Friendship Golf Tournament 2025" ကျင်းပပြုလုပ်

"MCIA Charity Friendship Golf Tournament 2025" ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် ရန်ကုန်မြို့၊ Dagon Golf City တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ Golf Tournament ပွဲသို့ MCIA Member များ၊ဖိတ်ကြားထားတဲ့ Golfer များမှ ပါဝင်ယှဥ်ပြိုင်ခဲ့ကြပြီး၊ အမျိုးသမီး Player များအတွက် Winner, 1st Runner Up, 2nd Runner Up ဆုများကို ပေးအပ်ခဲ့ပြီး၊ ပြိုင်ပွဲဝင် Player များအတွက် Winner (1,000,000 Ks), 1st Runner Up(700,000 Ks), 2nd Runner Up(500,000), Most Par, Most Birdie, Longest Drive, Nearest Pin, Nearest Line, Best Trier ဆုများကို ပေးအပ်ခဲ့ပါသည်။


MCIA


MCIA
MCIA CHARITY FRIENDSHIP
CHID Bank


MCIA
MCIA CHARITY FRIENDSHIP




CHID Bank


MCIA
MCIA CHARITY FRIENDSHIP
GOLF TOURNAMENT 2025






MCIA
























MCIA CHARITY FRIENDSHIP GOLF TOURNAMENT 2025
AWARD CEREMONY








MCIA CHARITY FRIENDSHIP GOLF TOURNAMENT 2025
AWARD CEREMONY


MCIA CHARITY FRIENDSHIP GOLF TOURNAMENT 2025
AWARD CEREMONY


MCIA CHARITY FRIENDSHIP GOLF TOURNAMENT 2025
AWARD CEREMONY


MCIA CHARITY FRIENDSHIP GOLF TOURNAMENT 2025
AWARD CEREMONY


MCIA CHARITY FRIENDSHIP GOLF TOURNAMENT 2025
AWARD CEREMONY


MCIA CHARITY FRIENDSHIP GOLF TOURNAMENT 2025
AWARD CEREMONY


CHARITY FRIENDSHIP GOLF TOURNAMENT 2025
AWARD CEREMONY

## AI for All 2025 အခမ်းအနားတွင် AI for MSMEs ခေါင်းစဉ်ဖြင့် ဆွေးနွေး

MCF မှ ကြီးမှူးကျင်းပသည့် AI for All 2025 အခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၂၃) ရက်၊ နံနက် (၉:၃၀) နာရီတွင် MICT Park, Conference Hall ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအခမ်းအနားတွင် MCIA အလုပ်အမှုဆောင်၊ ဦးအောင်ပြည့်ဖြိုးမှ AI for MSMEs ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးခဲ့ပါသည်။













## "Powering Growth and Connecting Opportunities for MSMEs Resilience" ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခြင်း

UMFCCI မှ ကြီးမှူးကျင်းပသည့် "Powering Growth and Connecting Opportunities for MSMEs Resilience" အခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၂၃) ရက်၊ နံနက် (၉:၃၀) နာရီတွင် UMFCCI ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအခမ်းအနားတွင် MCIA ဒုတိယဥက္ကဋ္ဌ၊ ဒေါက်တာဇော်လင်းမှ Digital Opportunities, Digital Transformation, Digital Touch Points, Digital Leadership, AI & IoT အကြောင်းများ မျှဝေခဲ့ပါသည်။








## "Artificial Intelligence (AI ) နှင့် ဆောက်လုပ်ရေးလုပ်ငန်းချိတ်ဆက်ခြင်း" ခေါင်းစဉ်ဖြင့် AI Training ကျင်းပပြုလုပ်

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်းကာ " Artificial Intelligence (AI ) နှင့် ဆောက်လုပ်ရေးလုပ်ငန်းချိတ်ဆက်ခြင်း" ခေါင်းစဉ်ဖြင့် "AI Training" အား ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၁၆) ရက်၊ စနေနေ့တွင် နံနက် (၉) နာရီမှ ညနေ (၄)နာရီအထိ အမှတ် (၃)၊ သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်၊ သဃ်န်းကျွန်းမြို့နယ်ရှိ MCEF အသင်းချုပ်အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ်မြောက် အောင်မြင်စွာ ပူးပေါင်းဖွင့်လှစ်နိုင်ခဲ့ပါသည်။









## "Burma Business & Career Fair 2025" Panel Discussion တွင် ပါဝင်ဆွေးနွေးခြင်း

**MEH Myanmar** မှ ကြီးမှူးကျင်းပသော "**Building Digital Future for Burma Business Industries**" ခေါင်းစဉ်ဖြင့် ပြုလုပ်သော ဆွေးနွေးပွဲကို (၁၂.၁၀.၂၀၂၅) ရက်နေ့တွင် UMFCCI အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားတွင် MCIA ဒုတိယဥက္ကဋ္ဌ၊ ဒေါက်တာဇော်လင်းမှ Digital Literacy နှင့်ပတ်သက်သော အကြောင်းအရာများအား ပါဝင်ဆွေးနွေးပေးခဲ့ပါသည်။







## AI is Transforming Marketing Event သို့ တက်ရောက်ခြင်း

မြန်မာနိုင်ငံဒီဂျစ်တယ်ပုံနှိပ်နှင့် ဆိုင်းဘုတ်လုပ်ငန်းရှင်များအသင်း (MDPSEA) အလုပ်အမှုဆောင်များနှင့် အသင်းသားများအားလုံး ခင်မင်ရင်းနှီးမှုရရှိရေးနှင့် အသိပညာများ ဖလှယ်နိုင်ရန် ရည်ရွယ်၍စတုတ္ထအကြိမ် Networking Event ပွဲကို (၂၅.၁၀.၂၀၂၅) ရက်နေ့၊ နေ့လည် (၁၂:၃၀ မှ ၃:၃၀)အထိ ရန်ကုန်မြို့၊ Chatrium Hotel (Grand Ballroom-2) တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ MCIA နာယက၊ ဦးအောင်ကျော်မိုး၊ ဥက္ကဋ္ဌ၊ ဦးမျိုးမင်းဦးနှင့် ဒုတိယဥက္ကဋ္ဌ၊ ဦးဇော်ထွဋ်တို့မှ တက်ရောက်ခဲ့ကြပါသည်။






## "Artificial Intelligence (AI ) နှင့် ဆောက်လုပ်ရေးလုပ်ငန်းချိတ်ဆက်ခြင်း" ခေါင်းစဉ်ဖြင့် AI Training ကျင်းပပြုလုပ်

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်းကာ " Artificial Intelligence (AI ) နှင့် ဆောက်လုပ်ရေးလုပ်ငန်းချိတ်ဆက်ခြင်း" ခေါင်းစဉ်ဖြင့် "AI Training" အား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၁၁) ရက်၊ စနေနေ့တွင် နံနက် (၉) နာရီမှ ညနေ (၄)နာရီအထိ မင်္ဂလာ သီရိဟိုတယ် (နေပြည်တော်) တွင် အောင်မြင်စွာ ပူးပေါင်းဖွင့်လှစ်နိုင်ခဲ့ပါသည်။





## ဦးစားပေးသွင်းကုန်ကဏ္ဍတွင် ICT နှင့် ဆက်စပ်ပစ္စည်းများအား ထည့်သွင်းပေးနိုင်ရေး MOC သို့ သွားရောက်တွေ့ဆုံခြင်း

MCIA အနေဖြင့် ဦးစားပေးသွင်းကုန်ကဏ္ဍတွင် ICT နှင့် ဆက်စပ်ပစ္စည်းများအား ထည့်သွင်းပေးနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့်တွေ့ဆုံဆွေးနွေးခြင်းကို (၄.၁၂.၂၀၂၅) ရက်နေ့၊ နေ့လယ် (၁း၃၀) နာရီတွင် ရုံးအမှတ် (၃) နေပြည်တော်ရုံးတွင် သွားရောက်တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။





## MCIA Walk 2025 လမ်းလျှောက်ပွဲ ကျင်းပပြုလုပ်

MCIA မှ ကြီးမှူးပြီး၊ ပြည်နယ်/ တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းများမှ ကျင်းပပြုလုပ်သော MCIA Walk 2025 လမ်းလျှောက်ပွဲများကို ၆.၁၂.၂၀၂၅ ရက်နေ့တွင် ပြည်/ တိုင်း အသင်း (၇) ခုတွင် ကျင်းပပြုလုပ်ခဲ့ကြပါသည်။

<u>ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ လမ်းလျှောက်ပွဲ မှတ်တမ်းပုံရိပ်များ</u>









<u>မန္တလေးတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ လမ်းလျှောက်ပွဲ မှတ်တမ်းပုံရိပ်များ</u>




<u>နေပြည်တော်ကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ လမ်းလျှောက်ပွဲ မှတ်တမ်းပုံရိပ်များ</u>



ဧရာဝတီတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ လမ်းလျှောက်ပွဲ မှတ်တမ်းပုံရိပ်များ










မွန်ပြည်နယ်ကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ လမ်းလျှောက်ပွဲ မှတ်တမ်းပုံရိပ်များ







ပဲခူးတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ လမ်းလျှောက်ပွဲ မှတ်တမ်းပုံရိပ်များ









မကွေးတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ လမ်းလျှောက်ပွဲ မှတ်တမ်းပုံရိပ်များ











## ICT နှင့် ဆက်စပ်နည်းပညာပစ္စည်းများ တင်သွင်းရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခြင်း

MCIA အနေဖြင့် အသင်းဝင်ကုမ္ပဏီများ၏ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခွင့်လိုင်စင် ရရှိရေးအတွက် သက်ဆိုင်ရာ အစိုးရဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး၊ အသင်းဝင်များ၏ သဘောထားအမြင်များကို ရယူရန်နှင့်၊ ဌာနဆိုင်ရာများသို့ တင်ပြရန်လိုအပ်သော အချက်အလက်များကို စုစည်းနိုင်ရန်အတွက် အသင်းဝင်ကုမ္ပဏီများနှင့် တွေ့ဆုံခြင်း အစည်းအဝေးကို (၃၀.၁၂.၂၀၂၅) ရက်နေ့တွင် MCF အစည်းအဝေးခန်းမတွင် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။





## Yangon-MCIA & MPPA MOU Signing Ceremony ကျင်းပပြုလုပ်

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းတို့ အကြား "နားလည်မှု သဘောတူစာချုပ်ရေးထိုးပွဲ" အား (၂၀၂၅) ခုနှစ်၊ ဒီဇင်ဘာလ (၈) ရက်နေ့၊ နေ့လယ် (၁) နာရီအချိန်တွင် မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း ( MPPA ) ရုံးခန်း၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ နှစ်ဖက်အသင်းမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များ စုံညီစွာ တက်ရောက်ခဲ့ကြပါသည်။







## မွန်ပြည်နယ်ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မွန်ပြည်နယ်ပဲမျိုးစုံ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းတို့၏ MOU Signing Ceremony ကျင်းပပြုလုပ်

မွန်ပြည်နယ်ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မွန်ပြည်နယ်ပဲမျိုးစုံ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းတို့၏ MOU Signing Ceremony အခမ်းအနားကို (၂၄.၁၂.၂၀၂၅) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ မွန်ပြည်နယ်အသင်း ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များ စုံညီစွာတက်ရောက်ခဲ့ကြပါသည်။





## Safe City System အဆင့်မြှင့်တင်ရန် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း

ပဲခူးတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ ၃၁.၁၂.၂၀၂၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ ပဲခူးတိုင်းဒေသကြီးအစိုးရရုံးတွင် နိုင်ငံတော်အဆင့် Safe City System အဆင့်မြှင့်တင်ရန် ညှိနှိုင်းအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ အလုပ်အမှုဆောင် ဦးပြည့်ဖြိုးထက် နှင့် ပဲခူးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်း အတွင်းရေး မှူး ဦးအောင်မျိုးဦး တို့တက်ရောက်ခဲ့ပါသည်။





## မကွေးတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် ကိုယ်ပိုင်ကျောင်းများအသင်းတို့၏ MOU ရေးထိုးပွဲကျင်းပပြုလုပ်

မကွေးတိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့်ကိုယ်ပိုင်ကျောင်းများအသင်းတို့၏ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ သဘောတူမှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကို (၁၄.၁၂.၂၀၂၅) ရက်နေ့၊ မကွေးမြို့ ပုလဲရွှေရည် ဟိုတယ်တွင် ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များ စုံညီစွာတက်ရောက်ခဲ့ကြပါသည်။











## ဘဏ္ဍာရေးရှင်းတမ်း တင်ပြခြင်း

### MYANMAR COMPUTER INDUSTRY ASSOCIATION

### INCOME & EXPENDITURE FOR THE YEAR ENDED 31 DECEMBER 2025

| | Note | 31 December 2025 | 31 December 2024 |
|---|---|---|---|
| | | MMK | MMK |
| Income | **1** | 242,451,922 | 67,243,306 |
| Industry Activities Expenses | **2** | (144,446,075) | (96,026,514) |
| **Gross Expenses / Income** | | **98,005,847** | **(28,783,208)** |
| Administrative Expenses | **3** | (50,525,242) | (33,876,870) |
| **Net Income** | | **47,480,605** | **(62,660,078)** |

## MYANMAR COMPUTER INDUSTRY ASSOCIATION

## STATEMENT OF FINANCIAL POSITION AS AT 31 DECEMBER 2025

| | Note | 31 December 2025<br>MMK | 31 December 2024<br>MMK |
|---|---|---|---|
| **Non Current Assets** | | | |
| Fixed Assets | **Schedule** | 98,222,478 | 101,959,829 |
| Investment | **4** | 63,000,000 | 63,000,000 |
| **Total Non Current Assets** | | **161,222,478** | **164,959,829** |
| | | | |
| Current Assets | | | |
| Account Receivable | | - | - |
| Cash & Cash Equivalents | **5** | 360,425,184 | 309,607,228 |
| **Total Current Assets** | | **360,425,184** | **309,607,228** |
| | | | |
| **Total Assets** | | **521,647,662** | **474,567,057** |
| | | | |
| Capital & Liabilities | | | |
| Capital | | 303,000,000 | 303,000,000 |
| Capital (Fund) | | 218,647,662 | 171,167,057 |
| Retained Earning (Net Income) | | **521,647,662** | **474,167,057** |
| | | | |
| Non Current Liabilities | | | |
| Loan | | - | - |
| **Total Non Current Liabilities** | | - | - |
| | | | |
| Current Liabilities | | | |
| Account Payable | | - | 400,000 |
| **Total Liabilities** | | - | **400,000** |
| | | | |
| **Total Capital & Liabilities** | | **521,647,662** | **474,567,057** |

## အသင်းဝင်များ၏တင်ပြချက်

အသင်းဝင်လူကြီးများတင်ပြလိုသည်မှာ ပူးတွဲပါ ၂၀၂၅ ဒီဇင်ဘာ (၃၁) ရက်နေ့ရှိ စာရင်းများ၊ နောက်ဆက်တွဲ ဇယားများနှင့် စာရင်းမှတ်စုများသည် မြန်မာနိုင်ငံကွန်ပျူတာ လုပ်ငန်းရှင်အသင်း၏ အခြေအနေများနှင့် အထက်ပါတင်ပြချက်နေ့ ကုန်ဆုံးသောလုပ်ငန်းနှစ်အတွက် အသင်း၏ မှန်ကန်တိကျသော အခြေအနေများကို ဖော်ပြသည်ဟု အဖွဲ့ဝင်များအနေဖြင့် ထင်မြင်ယူဆကြောင်း တင်ပြပါသည်။ အသင်းအနေဖြင့် စေ့ရောက်မည့်အချိန်တွင် ပေးရန်ရှိသည် ကြွေးမြီများကို ပေးနိုင်စွမ်းရှိသည်ဟု ယုံကြည်ပါသည်။

(၁.၁.၂၀၂၅ မှ ၃၁.၁၂.၂၀၂၅) ဘဏ္ဍာရေးနှစ်အတွက် နှစ်ချုပ်စာရင်းရေးဆွဲရန် စာရင်းစစ်ထံသို့ ပေးပို့ထား သည့် စာရွက်စာတမ်းများ ၊ ရငွေပေးငွေပြေစာများနှင့် အခြားသက်ဆိုင်ရာ စာရွက်စာတမ်းများ အသီးသီး၌ စာရင်းရေးသွင်းချက်များသည် အသင်းမှ သက်ဆိုင်သူများ၏ ရေးသွင်းချက်များသာ ဖြစ်ကြောင်း ဝန်ခံကတိပြု ပါသည်။

အသင်းမှ ဖော်ပြထားသော စာရင်းများအပေါ် အခြေပြု၍ စာရင်းစစ်ဆေးပေးသည်မှာ မှန်ကန်ကြောင်း ဝန်ခံကတိပြုပါသည်။

| | | | |
|---|---|---|---|
| ဦးမျိုးမင်းဦး | ဦးဇေယျာဖြိုး | ဒေါ်ခင်မြထွေး | ဒေါ်သင်းသင်းစိုး |
| ဥက္ကဋ္ဌ | အတွင်းရေးမှူး | ဘဏ္ဍာရေးမှူး | စာရင်းစစ် |




**Mon Yi Cho**
**Certified Public Accountant & Auditor**
**No 44 4th Floor /A Ayeyarwaddy Street**
**Hter Nar Quarter,Ahlone Township Yangon**
**Tel: 09795352281**
**E- mail : monyichocpa@gmail.com**

## ပြင်ပစာရင်းစစ်အစီရင်ခံစာ

### မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ ဘဏ္ဍာရေးရှင်းတမ်းများအပေါ် အစီရင်ခံခြင်း

ကျွန်ုပ်မ စာရင်းစစ်သည် ၂၀၂၅ ဒီဇင်ဘာ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးရှင်းတမ်းနှင့် ယင်းနေ့ကုန်ဆုံးသောကာလအတွက် ဝင်ငွေအလုံးဆုံံပါဝင်သော အရှုံးအမြတ်စာရင်းရှင်းတမ်း နှင့် ပိုင်ဆိုင်ခွင့် ၊ ပေးရန်များ ပါဝင်သော ဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။ ပြင်ပစာရင်းစစ်၏တာဝန်မှာ စာရင်းစစ်ဆေးခြင်းမှ ရရှိလာသော အချက်အလက်များ အပေါ်အခြေခံ၍ ဘဏ္ဍာရေးရှင်းတမ်းများအပေါ် ထင်မြင်ယူဆချက် ပေးရန် ဖြစ်ပါသည်။

### ဘဏ္ဍာရေးရှင်းတမ်းများအတွက် စီမံခန့်ခွဲသူများ၏တာဝန်

အသင်း၏သင့်တင့်လျောက်ပတ်သော ဘဏ္ဍာရေးအခြေအနေမှန်ကို ဖော်ပြသည့် ဘဏ္ဍာရေးရှင်းတမ်း များကို သက်ဆိုင်ရာဥပဒေ၊ စာရင်းရေးဆွဲရာတွင် လိုက်နာရမည့် ပြဋ္ဌာန်းချက်များ၊ စာရင်းဆိုင်ရာစံများစည်းမျဉ်း များ စည်းကမ်းများ နှင့် အညီရေးဆွဲပြုစုရန်မှာ လုပ်ငန်းစီမံခန့်ခွဲသူ၏ တာဝန်ဖြစ်ပါသည်။

### စာရင်းစစ်၏တာဝန်

ကျွန်ုပ်မ စာရင်းစစ်၏ တာဝန်မှာ စာရင်းစစ်ဆေးချက်များကို အခြေပြု၍ ယင်းဘဏ္ဍာရေးရှင်းတမ်းများ အပေါ် ထင်မြင်ယူဆချက်ပေးရန်သာ ဖြစ်ပါသည်။ မြန်မာနိုင်ငံ စာရင်းစစ်ဆိုင်ရာစံများနှင့် အညီ စစ်ဆေးမှုများ ကို ဆောင်ရွက်ခဲ့ပါသည်။ ယင်းစံများအရ စာရင်းစစ်အနေဖြင့် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များအား လိုက်နာရန်နှင့် ဘဏ္ဍာရေးရှင်းတမ်းများသည် အရေးပါသော အချက်များအား မှားယွင်းစွာ ဖော်ပြမှုကင်းရှင်း ကြောင်း ကျိုးကြောင်းဆီလျော် သေချာမှုရှိစေရန် အစီအစဉ်များ ရေးဆွဲပြီး စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါ သည်။




**Mon Yi Cho**
**Certified Public Accountant & Auditor**
**No 44 4th Floor /A Ayeyarwaddy Street**
**Hter Nar Quarter ,Ahlone Township Yangon**
**Tel: 09795352281**
**E-Mail : monmoncho01@gamil.com**

**ထင်မြင်ယူဆချက်များ**

ဘဏ္ဍာရေးရှင်းတမ်းများသည် မြန်မာနိုင်ငံ စာရင်းကိုင်စံများ၊ လုပ်ထုံးလုပ်နည်းများ (Myanmar Accounting Standard) နှင့် မြန်မာနိုင်ငံ ဘဏ္ဍာရေးစီရင်ခံခြင်းဆိုင်ရာပုံစံများ (Myanmar Financial Reporting Standard) နှင့်အညီ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ ၂၀၂၅ ဒီဇင်ဘာ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေနှင့် ဘဏ္ဍာရေးနှစ်ကုန်ဆုံးသောကာလ (၁.၁.၂၀၂၅ မှ ၃၁.၁၂.၂၀၂၅ ) အတွက် ဝင်ငွေ နှင့် အသုံးစရိတ်များ စပ်လျဉ်းသည့် အရေးပါသော အချက်အလက်များအားလုံးကို သင့်လျော်မှန်ကန်စွာ ဖော်ပြ ထားသည်ကို ကျွန်မ စာရင်းစစ်ဆေးသူမှ ထင်မြင်ယူဆပါသည်။






**Mon Yi Cho**
**Certified Public Accountant & Auditor**
**PA-1218**

# နိဂုံး

မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းတွင် တာဝန်ယူ ဆောင်ရွက်လျက်ရှိကြသော အလုပ်အမှုဆောင်များသည် စေတနာ့ဝန်ထမ်းများဖြစ်ကြပြီး များပြားသော မိမိတို့၏ မူရင်းလုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြသူများဖြစ်ကြ၍ အသင်းတွင် အချိန်ပြည့် တာဝန်ယူ ဆောင်ရွက်နိုင်ခြင်းမရှိသေးသော်လည်း နိုင်ငံတော်ပိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၏ လမ်းညွှန်ပံ့ပိုးကူညီမှုများကို ခံယူ၍ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း၊ အခြားအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ထိုက်သင့်သော တိုးတက်အောင်မြင်မှုများကို ရရှိခဲ့ပါ သည်။ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း အလုပ်အမှုဆောင်များအနေဖြင့် ယခင်တွေ့ရှိခဲ့သော အားနည်းချက်များကို သင်ခန်းစာယူ၍ အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းပြီး တိုးတက်များပြားလာသော အသင်းဝင်များနှင့် ဆန်းသစ်ပြောင်းလဲလာသော နည်းပညာတို့အကြား တံတားကြီးတစ်စင်းသဖွယ် ပေါင်းကူးဆက်သွယ်ပေးရန် အသင်း၏ ရည်ရွယ်ချက်နှင့် ဦးတည်ချက်များကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ (၂၀၂၅-၂၀၂၆) ခုနှစ်အတွက် အသစ်ပြန်လည်ဖွဲ့စည်းထားသော မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းအနေဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်မှုကိုခံယူ၍ ပိုမိုအောင်မြင်မှု ရရှိအောင် ကြိုးပမ်းသွားမည်ဖြစ်ပါသည်။ အစီရင်ခံသည့်ကာလအတွင်း အောင်မြင်မှုများရရှိရေးအတွက် ကူညီပံ့ပိုးခဲ့ကြသော နိုင်ငံတော်ပိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကွန်ပျူတာ ပညာရှင်များ၊ နည်းပညာရှင်များ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းကုမ္ပဏီများ၊ အသင်းသားများ၊ အသင်း၏ ဝန်ထမ်းများ၊ အသင်းအတွက် လူအား၊ ငွေအား၊ အကြံဉာဏ်အားတို့ဖြင့် အဘက်ဘက်မှ ကူညီပံ့ပိုးကြသော ပုဂ္ဂိုလ်များ အားလုံးတို့အား အထူးကျေးဇူး တင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း အလုပ်အမှုဆောင်အဖွဲ့